ရွှေတန်အနောက်ကျေးရွာ

ပဲခူးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေတန်အနောက်ကျေးရွာ၊ ပဲခူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ

မာတိကာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာနှင့် ပထဝီအနေအထား

(၂) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ငါးလုပ်ငန်း

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(၆) ပညာရေး

(၇) ကျန်းမာရေး

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၉) ကျား-မရေးရာ

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ရွှေတန်အနောက်ကျေးရွာသည် ရန်ကုန်-မန္တလေးကားလမ်းပေါ်မှတစ်ဆင့် (၁)မိုင်(၂)ဖာ လုံအကွာအဝေးတွင်ရှိပြီး အုပ်ချုပ်ရေးဆိုင်ရာ ပဲခူးမြို့နယ်နှင့် ဆက်သွယ်သွားလာရလွယ်ကူ သည်။ ရွှေတန်ကျေးရွာသည် ပဲခူးတိုင်းမြေပြန့်ဒေသတွင် တည်ရှိပြီးအဓိကအသက်မွေးဝမ်း ကျောင်းလုပ်ငန်းများမှာ ကျပန်း(အရောင်းအဝယ်အမျိုးမျိုး၊စက်ရုံ၊အလုပ်ရုံဝန်ထမ်း၊ပွဲစား)စသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ ၈၀မှ ၁၀၀ ဝန်းကျင်အတွင်းရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြု သည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမှ ကင်း လွတ်ပြီး ကျေးရွာအနီးတွင် တောတောင်မြစ်ချောင်းများမရှိပဲ မြေပြင်အနေအထားမှာ မြေပြန့် ဖြစ်သည်။ လယ်ယာများသည် စပါးတစ်မျိုးထဲကိုသာ အဓိကအားထားရာဖြစ်သည်။ ရေကြီးရေလွှမ်းမိုးခြင်းဒဏ် ကင်းလွတ်ပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုကင်းလွတ်သည်။

(၂)ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

ရွှေတန်ကျေးရွာသည် အရှေ့ဘက်တွက် ရွှေတန်အင်းနှင့်အနောက်ဘက်၊တောင်ဘက်နှင့် မြောက်ဘက်အရပ်တို့တွင် လယ်ယာမြေများနှင့်ထိစပ်လျက်ရှိသည်။ မိုးရွာသွန်းမှု ရာသီဥတု အသင့်အတင့်ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက်အထောက်အကူပြုသည်။ လယ်ယာမြေများတွင်လည်း မြေဆီလွှာအသင့်တင့်ကောင်းနမွန်သည်။လယ်မြေ(၈၀၀)ခန့်ရှိပြီး ဆားငန်ရေဝင်ရောက်ခြင်းမရှိပဲ စပါးနှင့်ပဲမျိုးစုံကိုကောင်းမွန်စွာစိုက်ပျိုးလေ့ရှိပြီး အထွက်နှုန်းမှာ အသင့်အတင့်ရှိပါသည်။ သဘာဝတွင်းထွက်သယံဇာတပစ္စည်းများမရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ရွှေတန်ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၁၁)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ(၂)ဖွဲ့၊ စီးပွားရေးဆိုင်ရာ(၁)ဖွဲ့တို့ရှိသည်။ နာရေးကူညီမှုအသင်းမှာငွေကြေးအင်အားကို အခြေခံပြီး နာရေးနှင့်အခြားလူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ အခြားသော အသင်းအဖွဲ့များမှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးလုပ်ငန်းများကို ဦးစားပေးဆောင် ရွက်လျက်ရှိသည်။ နာရေးအသင်းမှာလုပ်ငန်းဆောင်တာများဆောင်ရွက်ရာတွင် အရှိန်အဟုန် အကောင်းဆုံးအသင်းအဖွဲ့တစ်ခုအဖြစ်ရပ်တည်လျက်ရှိသည်။ကျေးရွာရှိအဆိုပါအဖွဲ့အစ

ည်းများ မှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပတ်
သက်၍ချိတ်ဆက်ဖွဲ့စည်းထားသော်လည်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရှိပါ
က ဖွံ့ဖြိုး ရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ရွှေတန်ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် ကျေးရွာ၏အဓိကအသက် မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပါသည်။ ရာသီဥတုကောင်းမွန်ခြင်း ရေကြီးရေလျှံမှုနည်းပါးခြင်း၊ ဆားငန်ရေဝင်ရောက်မှုနည်းပါးခြင်း၊မြေဆီလွှာအနေအထား အသင့်အတင့်ကောင်းမွန်ခြင်းတို့ ကြောင့်ရာသီအလိုက်စပါး၊ပဲသီးနှံများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်သည်။ ဆင်းရဲချမ်းသာအ ဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏(၁၁၉)% သည် ဆင်းရဲ၍ အလွန်ဆင်းရဲသောအိမ် ထောင်စု(၁၁)%၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၈၇)%၊နှင့် ပြေလည်သောအိမ်ထောင်စု (၁၈)% ရှိသည်ဟုသတ်မှတ်ပြီး ကျေးရွာ၏ စီးပွားရေးချမ်းသာကြွယ်ဝခြင်းမရှိသော်လည်းလယ် ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် လက်သမား၊ ပန်းရံ၊ စက်ရုံအလုပ်ရုံဝန်ထမ်းစသည့် ကျပန်းလုပ်ငန်း အမျိုးမျိုးလက်လှမ်းမှီမှုရှိခြင်းကြောင့် စီးပွားရေးအသင့်အတင့်ကောင်းမွန်ပြီး လယ်ယာမြေက (၈၀၈)ခန့်ရှိပြီး မိုးစပါးကိုအဓိကစိုက်ပျိုးပြီး နွေစပါးသီးထပ်နှင့်ပဲမျိုးစုံကိုလည်း အသင့်အတင့် စိုက်ပျိုးသည်။ မိုးစပါး၊နွေစပါး(၁)ဧက ပျမ်းမျှအထွက်နှုန်းမှာ (၇၀)တင်းခန့်ထွက်ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ရွှေတန်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကိုစီးပွားရေး လုပ်ငန်းတစ်ခုအဖြစ်လုပ် ကိုင်သူအလွန်နည်းပါးပြီး ကြက်၊ဝက်၊နွားစသည်တို့ကို မိမိအိမ်၌ တစ်နိုင်တစ်ပိုင်မွေးမြူခြင်းမျိုး သာတွေ့ရသည်။ တိရစ္ဆာန်အစာရရှိနိုင်ခြေနည်းပါးခြင်း၊ ပလပ်မြေ မြေလွတ်မြေရိုင်းနည်းပါးခြင်း တို့ကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ခြေနည်းပါးသည်။

(ဂ)ငါးလုပ်ငန်း

ရွှေတန်ကျေးရွာတွင် ငါးမွေးမြူရေးလုပ်ကိုင်ရန် မြေနေရာအဆင်မပြေသော ကြောင့် ငါးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိပါ။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

ရွှေတန်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှအပ အိမ်တွင်းမှုကုန်ထုတ် လုပ်ငန်းများမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ

နေ့စားကဲ့သို့သော ကျပန်းလုပ်ငန်းအမျိုးမျိုး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ကိုယ်ပိုင်ဆိုင်၊ကုန်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းများ၊
ခေါင်းရွက်ဗျက်ထိုး၊အစိုးရဝန်ထမ်းလုပ်ငန်း၊
စက်ရုံအလုပ်ရုံဝန်ထမ်းစသည့်လုပ်ငန်းတို့ဖြစ်ကြ သည်။ ထိုလုပ်ငန်းများမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက်ဝင်ငွေအနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ အစိုးရဝန်ထမ်းများနှင့် စက်ရုံအလုပ်ရုံဝန်ထမ်းများ၏ လုပ်ခလစာမှာ (၁၆၀၀၀၀) မှ ပညာအရည်အချင်းနှင့် အလုပ်ပေါ်မူတည်၍ (၃)သိန်းထိရရှိနိုင်သည်။ လယ်ယာ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ လက်လီလက်ကားရောင်းဝယ်ရေး စသည့်လုပ်ငန်းများတွင် နေ့စားခ (၄၀၀၀)ကျပ်မှ (၆၀၀၀)ကျပ်ထိရရှိနိုင်သည်။ ဆံပင်အလှပြင်၊စက်ချုပ်စသည့် သင်တန်းပေးသူ ကျွမ်းကျင်လုပ်သားအများစု၊နေ့စားလုပ်ခဝင်ငွေမှာ (၆၀၀၀)ကျပ်မှ (၈၀၀၀)ကျပ်ထိရရှိနိုင်ပြီး ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်းများတွင်နေ့စားလုပ်ခဝင်ငွေမှာ (၅၀၀၀)ကျပ်မှ (၁၂၀၀၀)ကျပ်ထိရရှိသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်းမွန်သည်။ အပ်ချုပ်၊ဇာပန်းတိုး၊ ဆံပင်အလှပြင်၊မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ ဝပ်ရှော့စသည့် အသက်မွေးဝမ်းကျောင်း သင်တန်းများမရှိခြင်း ကြောင့်ကျွမ်းကျင်လုပ်သားနည်းပါးပါသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ရွှေတန်ကျေးရွာတွင် တောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေးသောချေးငွေကို အတိုးနှုန်းသက်သာစွာဖြင့် ချေးယူနိုင်ပြီး(၁)ဧက တစ်သိန်းခွဲ ကျပ်နှုန်းဖြင့် အများဆုံး (၁၀)ဧကအတွက် ချေးယူနိုင်သည်။ ပုဂ္ဂလိကချေးငွေဘဏ်များမှာလည်း (၁)လလျှင် (၂.၅)% အတိုးနှုန်းဖြင့် ချေးယူနိုင်ကြပြီး ကာလတိုချေးငွေအဖြစ် (၁၂)လအထိ ချေးယူနိုင်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေများပြန်လည်ပေးဆပ်ရေး ဆိုင်ရာစည်းကမ်းပိုင်းတွင် စည်းမျဉ်း၊စည်းကမ်းများ တင်းကျပ်ထားသည်။ ကျေးရွာ၏ရန်ပုံငွေအဖြင့် ဖွဲ့စည်းတည်ထောင် ထားသောငွေကြေးအဖွဲ့အစည်းမှ တစ်နှစ်လျှင် (၂)ကြိမ် အိမ်ထောင်စုအားလုံး (၆၀၀၀၀) ဝန်းကျင်ခန့် ချေးယူနိုင်ပြီး အတိုးနှုန်းမှာ (၃)ကျပ်တိုးဖြစ်သည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ရွှေတန်ကျေးရွာသည် ရန်ကုန်-မန္တလေး အမှတ်(၁)လမ်းမကြီးပေါ်မှ တစ်ဆင့်(၁)မိုင်(၂) ဖာလုံခန့်ရှည်လျှားသောမြေသားလမ်းနှင့် ဆက်သွယ်ထားသောလမ်းပေါ်တွင် တည်ရှိသည်။ မော်တော်ဆိုင်ကယ်၊ကားစသည့်

တို့သည်နွေရာသီတွင်သွားလာမှု လွယ်ကူသော်လည်း မိုးရာသီတွင်သွားလာရေးခက်ခဲမှုရှိသည်။ ကျေးရွာ၏ အိမ်ထောင်စုအားလုံးသည် မဟာဓါတ်အားလိုင်းမ ရရှိသေးပါ။ဆိုလာစနစ်ဖြင့် အသုံးပြုနေရပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ အတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အင်တာနက်အ သုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(၆) ပညာရေး

ရွှေတန်ကျေးရွာတွင် အလယ်တန်းအထိ ပညာသင်ကြားနိုင်သော အစိုးရစာသင်ကျောင်း ရှိပြီး သွပ်မိုး၊အုတ်နံရံကာ၊ အင်္ဂတေအခင်း ကျောင်းဆောင်(၃)ခုဖြင့် ပညာသင်ကြားပေးလျက်ရှိ ပြီး ရွာသူရွာသားအားလုံးနီးပါးမှာ အနည်းဆုံး မူလတန်းအဆင့် ပညာရေးတက်မြောက်ကြပြီး သက်ကြီးရွယ်အိုလူနည်းစုမှာ စာတက်မြောက်ခြင်းမရှိကြောင်းတွေ့ရသည်။ အထက်တန်းပညာ ရေးစနစ်ကို ရွာမှ(၃)မိုင်ခန့်ကွာဝေးသော အ.ထ.က ဘုရားကြီးကျောင်း၌ သွားရောက်သင်ကြားနိုင်သည်။ ပညာရေးလက်လှမ်းမီမှုရှိပါသည်။ ကျောင်းတွင်ပရိဘောဂတို့ လုံလောက်မှုရှိပြီး ဆရာ၊ ဆရာမဦးရေလုံလောက်မှုရှိပါသည်။

(၇) ကျန်းမာရေး

ရွှေတန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပါသည်။ ထိုဆေးခန်းရှိသည့် အတွက် ရွာသူရွာသားများကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမီသည်။ ကျေးရွာနှင့်(၃)မိုင်ခန့် အကွာတွင် တိုက်နယ်ဆေးရုံးရှိပြီး (၁၀)မိုင်ခန့် အကွာတွင်မြို့နယ်ဆေးရုံတည်ရှိသောကြောင့်
ကျန်းမာရေးလက်လှမ်းမီမှုကောင်းစွာရရှိပြီး သောက်သုံးရေအတွက်အဝီစိတွင်းများကို သုံးစွဲပြီး လုံလောက်မှုရှိပါသည်။ ယင်လုံအိမ်သာကိုသာ ဆောက်လုပ်သုံးစွဲကြသဖြင့် သောက်သုံးရေ ကြောင့်ဆက်စပ်ဖြစ်ပွားတက်သော ရောဂါဖြစ်ပွားမှုနည်းပါးသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရွှေတန်ကျေးရွာသည် ကုန်းတွင်းပိုင်းမြေပြန့်ဒေသတွင် တည်ရှိ၍ ရေကြီး၊ရေလွှမ်းမိုးခြင်း မှကင်းဝေးပြီး မုန်းတိုင်းဒဏ်ပြင်းထန်စွာ ခံစားရခြင်းမျိုးမရှိပါ။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်နည်းပါးခြင်းကြောင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလတ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဘူးခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိညာဉ်ပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

၉။ ကျား/မရေးရာ

ရွှေတန်ကျေးရွာတွင် ကျား/မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်း မွန်ပါသည်။ မိသားစုအတွင်း ကျား/မ တို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များ အတိုင်းကျင့်သုံးကြပါသည်။ ကျားနှင့်မ အကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ရွှေတန်ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေး နှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည့်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ပညာ ရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများရှိကျား၊မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာအမျိုးသားများနှင့်အတူတူပင်ဖြစ်ပါသည်။သို့သော်ကျေးရွာတွင်နေ့တွက် လုပ်အား ခင်္ဂေများမှာ အမျိုးသားများကပိုမိုရကြပါသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့်အင်အား စိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခလျော့ နည်းပြီးရကြပါသည်။

အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိ သော်လည်း အခြားလူမှုရေး အသင်းအဖွဲ့များတွင်မူ အမျိုးသမီးများပါဝင်မှု အသင့်အတင့်ရှိကြပါ သည်။ ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက် ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ရွှေတန်ကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ် များကိုဇယားဖြင့်ဖော်ပြ ထားပါသည်။ ရွှေတန်ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ် ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက် များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက် များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊အဖွဲ့အစည်းများ နှင့် အခြား အေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိ ရန်လည်းလိုအပ်ပါသည်။ ရွှေတန်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်း များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေး အဆင့်	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
၁	ကျေးရွာ ရွာလယ်လမ်းမအား ဂဝံခင်းခြင်း	၁	√				

၂	မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးလင်းရေး ရရှိအောင် ဆောင်ရွက်ခြင်း	၂		√			
၃	ကျေးရွာအတွင်းရှိလမ်းသွယ်များ အားလုံးမြေသားလမ်းအဆင့်မြှင့် ခြင်း	၃			√		
၄	ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် ဆက်သွယ် သော ကျေးရွာချဉ်းကပ် လမ်းမ ကြီးအား ကွန်ကရစ်လမ်း အဆင့် မြှင့်တင်ခြင်း	၄				√	
၅	စာသင်ကျောင်းဆောင်သစ်ထပ်မံတိုးချဲ့ ဆောက်လုပ်ခြင်း	၅					√
၆	ကျေးရွာ သချိုင်းတွင်း မီးသင်္ဂြိုလ် စက်ဆောက်လုပ်ခြင်း	၆					√
၇	တောင်သူများအတွက်သီးနှံများအထွက် တိုးစေရန် ရေလွဲမြောင်းများ ပြုပြင်ခြင်း၊ ထပ်မံတိုးချဲ့ခြင်းနှင့် သီးနှံမျိုးကောင်းမျိုးသန့်များ၊ ဓာတုဗေဒဆိုင်ရာ ဓါတ်မြေဩဇာများ ရရှိရန်ဆောင်ရွက်ခြင်း	၇	√	√	√	√	√
၈	ရေကန်များပြန်လည်ပြုပြင်ခြင်းနှင့် ခြံစည်းရိုးခက်ခြင်းနှင့် ရေသန့်စက် တပ်ဆင်ခြင်း၊	၈		√			
၉	အားကစားကွင်းအဆင့်မြှင့်တင် ခြင်းနှင့် ခြံစည်းရိုးခက်ခြင်း					√	

(၁၁) ရွှေတန်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီးစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်
၁	ဦးမြသိန်း		(၇/ပခန(နိုင်)၀၆၄၈၁၂)	ဥက္ကဋ္ဌ
၂	ဦးအံကြီးမောင်		(၇/ပခန(နိုင်)၂၁၄၃၃၈)	အတွင်းရေးမှူး
၃	ဦးအောင်မင်းကြည်		(၇/ပခန(နိုင်)၀၆၅၄၆၁)	ဘဏ္ဍာရေးမှူး
၄	ဦးမျိုးကို		(၇/ပခန(နိုင်)၃၆၁၅၆၂)	စာရင်းကိုင်
၅	ဦးကြွယ်ထွန်း		(၇/ပခနိုင်(၀၆၅၂၆၃)	အဖွဲ့ဝင်

၆	ဒေါ်ခွေးကြည်		(ဂ/ပခန(နိုင်)၀၆၄၆ဂ၀)	အဖွဲ့ဝင်
ဂ	ဦးစိုးသိန်း		(ဂ/ပခန(နိုင်)၂၅ဂ၂၈၉)	အဖွဲ့ဝင်
၈	ဦးမောင်မောင်ထွန်း		(ဂ/ပခန(နိုင်)၂၂၆၁၈၈)	အဖွဲ့ဝင်
၉	ဦးကျော်လွင်		(ဂ/ပခန(နိုင်)၀၈၄၆၄၄)	အဖွဲ့ဝင်
၁၀	ဒေါ်သောင်းနု		(ဂ/ပခန(နိုင်)၀၆၄ဂ၈၂)	အဖွဲ့ဝင်
၁၁	ဒေါ်မေဖူးလွင်		(ဂ/ပခန(နိုင်)-)	အဖွဲ့ဝင်

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

ရွေတန်ကျေးရွာအုပ်စု၊ ရွေတန်အနောက်ကျေးရွာ အမျိုးသမီးအဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု ဇယား

စဉ်	လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်းများ	အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	ကလေးသူငယ်များ ပညာသင်ယူရာတွင် ကျောင်းဆောင်မလုံ လောက်ခြင်း	ကျောင်းသာဦးရေတိုးလာခြင်း၊ မူ/လွန်ကျောင်းမှ အလယ်တန်း အဆင့်တိုးလာခြင်း	မြေနေရာရှိခြင်း၊	မတည်ငွေကြေး၊ အရင်းအနှီးမရှိခြင်း	ကျောင်းသားမိဘဆရာအသင်း နှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ရပ်မိရပ်ဖတို့မှ မြို့နယ်အခြေ ခံပညာရေးဦးစီးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း	ကလေးသူငယ်များ ပညာသင်ယူရာတွင် အဆင်ပြေစေရေးစီမံချက် ၁။ စာသင်ကျောင်းဆောင်သစ်ထ ပ်မံတိုး ချဲ့ဆောက်လုပ်ခြင်း

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

ရွေတန်ကျေးရွာအုပ်စု၊ ရွေတန်အနောက်ကျေးရွာ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု ဇယား

စဉ်	လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတားများ နှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်းများ	အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	နာရေးကိစ္စများ သင်္ဂြိုလ်၊မြေမြှုပ် ရာတွင်အခက်အခဲ ရှိခြင်း	သချိုင်းမြေနေရာ ကျဉ်းမြောင်းခြင်း လူဦးရေတိုးလာခြင်း၊ အုတ်ဂူဟောင်းများမှတ် တိုင်းဟောင်းများထပ်နေခြင်း	မီးသင်္ဂြိုလ်စက် ဆောက်လုပ်မည့် မြေနေရာပေးနိုင်ခြင်း ငွေကြေးအသင့်အတင့် ထည့်ဝင်နိုင်ခြင်း	မတည်ငွေကြေးမရှိ ခြင်း	ကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိ ရပ်ဖ၊ ကျေးရွာပရဟိတအဖွဲ့ တို့မှ သက်ဆိုင်ရာအဖွဲ့အစည်း နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာသချိုင်းတွင် မီးသင်္ဂြိုလ်စက်ဆောက် လုပ်ခြင်း

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

ရွေတန်ကျေးရွာအုပ်စု၊ ရွေတန်အနောက်ကျေးရွာ တောင်သူအဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု ဇယား

စဉ်	လက်ရှိအခြေအေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတားများ နှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်း များ
၁	နွေးစပါးအထွက်နှုန်း	စိုက်ပျိုးရေလုံလောက်စွာမရရှိခြင်း	ရေလုံလောက်စွာရရှိ	ရေလွဲမြောင်းများ	ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်	တောင်သူများအတွက်သီးနှံ များအထွက်တိုးစေ
	လျော့နည်းခြင်း	ရေလွဲမြောင်းများတိမ်ကောလာခြင်း	ပါက သီးနှံအထွက်	ပြုပြင်ရန်အခက်	ရပ်မိရပ်ဖ၊တောင်သူလယ်သ မား	ရန် ရေလွဲမြောင်းများပြုပြင်ခြင်း၊ ထပ်မံတိုးချဲ့ခြင်း
		ရေလွဲမြောင်းများနည်းခြင်း	တိုးနိုင်ခြင်း	အခဲရှိခြင်း	တို့မှ မြို့နယ်လယ်/ဆည်နှင့်	နှင့် သီးနှံမျိုးကောင်းမျိုးသန့်များ၊
					ချိတ်ဆက်ဆောင်ရွက်ခြင်း	ဈေးနှုန်းမှန်ကန် သည့်ခါတ်မြေဩဇာများရရှိရန် ဆောင်ရွက်ခြင်း
၂	နွေရာသီတွင်	ကျေးရွာအတွင်းသောက်သုံးရေကန်		မတည်ငွေကြေးမရှိ	ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိ	ကျေးရွာအတွင်းသန့်ရှင်းသော သောက်သုံးရေ
	ကျေးရွာအတွင်း	များတိမ်ကောလာခြင်း၊ ကျေးရွာ		ခြင်း	ရပ်ဖ၊တို့မှကျေးရွာရေကော်မ တီ	အမြဲရရှိစေရေးစီမံချက်
	သန့်ရှင်းသော	လူဦးရေတိုးလာခြင်း၊ ရေကန်များ			ဖွဲ့စည်း၍ မြို့နယ်ကျေးလက်	၁။

	သောက်သုံးရေ မလုံ လောက်မရှိခြင်း	ခြံစည်းရိုးမရှိခြင်း			ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ချိတ် ဆက် ဆောင်ရွက်ခြင်း	ရေကန်များပြန်လည်ပြုပြင်ခြ င်း၊ခြံစည်းရိုးခက် ခြင်းနှင့် ရေသန့်စက်တပ်ဆင်ခြင်း

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်
ရွေတန်ကျေးရွာအုပ်စု၊ ရွေတန်အနောက်ကျေးရွာလူငယ်အဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု ဇယား

စဉ်	လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတားများ နှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်းများ	အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	အားကစားပြိုင်ပွဲများ ကျင်းပရာတွင် အခက်အခဲရှိခြင်း၊	အားကစားကွင်းပျက်စီး နေခြင်းကာရံထားခြင်းမရှိ	အားကစားကွင်း အဟောင်းရှိနေခြင်း၊ လုပ်အားရှိ	ငွေကြေးမရှိ	ကျေးရွာရပ်မိရပ်ဖ၊ အုပ်ချုပ်ရေး မှူးတို့မှ ပူးပေါင်း၍အားကစားဦး စီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း၊	ကျေးရွာရှိ လူငယ်များအားကစားပြိုင်ပွဲ ကျင်းပနိုင်စေရေးစီမံချက် ၁။ အားကစားကွင်းအဆင့်မြှင့်တင် ခြင်း နှင့် ခြံစည်းရိုးခက်ခြင်း

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့် ရွေတန်ကျေးရွာအုပ်စု၊ ရွေတန်အနောက်ကျေးရွာရပ်မိရပ်ဖအဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု ဇယား

စဉ်	လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတားများ နှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်းများ	အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	ကျေးရွာရှိ အိမ်ထောင် စုဝင်များအားလုံး လူနေမှုအဆင့်နိမ့်ကျ ခြင်း	မဟာဓါတ်အားလိုင်းနှင့် ၃မိုင်ခန့်ဝေးသောကြောင့် လျှပ်စစ်မီးအသုံးမပြုနိုင်ခြင်း ကျေးရွာအတွင်း အင်ဂျင် မီးစက်ဖြင့်အသုံးပြုနေရခြင်း	လုပ်အားနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင် နိုင်ခြင်း၊	မတည်ငွေကြေးမရှိခြင်း	ကျေးရွာမီးလင်းရေးကော်မတီ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့မှ မြို့နယ်လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာနေအိမ်ထောင်စု ဝင်များအားလုံး လျှပ်စစ်မီး အသုံးပြုနိုင်ရေးစီမံချက် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးလင်းရေးရရှိ အောင်ဆောင်ရွက်ခြင်း
၂	လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်း	မြို့နှင့်ဆက်သွယ်သော လမ်းမှာဂဝံ လမ်းအဆင့်	လုပ်အားအသင့်အတင့် ထည့်ဝင်နိုင်ခြင်း	မတည်ငွေကြေးမရှိခြင်း	ကျေးရွာလမ်းကော်မတီဖွဲ့စည်း ခြင်း	ရန်ကုန်- မန္တလေးလမ်းမကြီးနှင့် ဆက်သွယ်သော ကျေးရွာ ချဉ်းကပ်လမ်းမကြီး အား ကွန်ကရစ်လမ်း

		မမှီခြင်း(အချို့နေရာများတွင် မြေသားလမ်းဖြစ်ပေါ်ခြင်း)			ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လမ်းကော်မတီ၊ရပ်မိရပ်ဖတို့ပူးပေါင်း၍ သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	အဆင့်မြှင့်တင်ခြင်း
၃	ကျေးရွာတွင်းလမ်း	မြေသာလမ်းဖြစ်နေခြင်း	ငွေကြေးအသင့်အတင့်	မတည်ငွေကြေးမရှိခြင်း	ကျေးရွာဖွံ့ဖြိုးရေးလမ်းကော်မတီ	ကျေးရွာအတွင်းရာသီမရွေးသွားလာနိုင်စေရေး ၁။
	ပျက်စီးနေခြင်း	အချို့နေရာများတွင်	ထည့်ဝင်နိုင်ခြင်း		ဖွဲ့စည်းခြင်း	ကျေးရွာအတွင်းလမ်းမကြီးအား ဂဝံခင်းခြင်း ၂။
		ဂဝံလမ်းဖြစ်နေသော်	လုပ်သားအင်အား		ကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖနှင့်	ကျေးရွာအတွင်းရှိလမ်းသွယ်များအား မြေသားလမ်းအဆင့်မြှင့်တင်ခြင်း
		လည်းလမ်းအဆင့်	ထည့်ဝင်နိုင်ခြင်း		ကျေးရွာဖွံ့ဖြိုးရေးလမ်းကော်မတီတို့ပူးပေါင်း၍ သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	
		မမှီခြင်း (အချို့နေရာများတွင် မြေသားလမ်းအဆင့်မမှီခြင်း				

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

ရွေတန်ကျေးရွာအုပ်စု၊ ရွေတန်အနောက်ကျေးရွာမှ ဦးစားပေးလုပ်ငန်းအဆင့် ခွဲခြားသတ်မှတ်ခြင်း

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	ကျေးရွာအတွင်းလမ်းမကြီးများအား ဂဝံခင်းခြင်း	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
၂	မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးလင်းရေးရရှိ အောင်ဆောင်ရွက်ခြင်း	၉	၉	၉	၁၀	၉	၄၆	၂
၃	ကျေးရွာအတွင်းရှိ လမ်းသွယ်များအားမြေသားလမ်းအဆင့်မြှင့်ခြင်း	၈	၉	၈	၉	၉	၄၃	၃
၄	ရန်ကုန်-မန္တလေးလမ်းမကြီးနှင့်ဆက်သွယ်ထားသော ကျေးရွာချဉ်းကပ်လမ်းမကြီးအားကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း	၉	၈	၉	၉	၈	၄၃	၄
၅	စာသင်ကျောင်းဆောင်သစ်ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်း	၇	၆	၈	၈	၇	၃၆	၅
၆	ကျေးရွာသချိုင်းတွင် မီးသင်္ကြိုလ်စက်ဆောက်လုပ်ခြင်း	၇	၄	၈	၉	၈	၃၆	၆
၇	တောင်သူများအတွက်သီးနှံများအထွက်တိုးစေရန်ရေလွှဲမြောင်းများပြုပြင်ခြင်း၊ ထပ်မံတိုးချဲ့ခြင်းနှင့်သီးနှံမျိုးကောင်းမျိုးသန့်များ၊ဓာတ်မြေဩဇာများရရှိရန်ဆောင်ရွက်ခြင်း	၈	၇	၆	၇	၇	၃၅	၇
၈	ရေကန်များပြန်လည်ပြုပြင်ခြင်း၊ခြံစည်းရိုးခက်ခြင်းနှင့် ရေသန့်စက်တပ်ဆင်ခြင်း	၅	၆	၆	၉	၅	၃၁	၈
၉	အားကစားကွင်းအဆင့်မြှင့်တင်ခြင်းနှင့် ခြံစည်းရိုးခက်ခြင်း	၆	၅	၆	၆	၈	၃၁	၉

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့် ရွေတန်ကျေးရွာအုပ်စု၊ ရွေတန်အနောက်ကျေးရွာမှ နှစ်အလိုက်ဦးစားပေးလုပ်ငန်းလျာထားခြင်း

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
၁	ကျေးရွာအတွင်းလမ်းမကြီးများအား ဂဝံခင်းခြင်း	၁	✔				
၂	မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးလင်းရေးရရှိ အောင်ဆောင်ရွက်ခြင်း	၂		✔			
၃	ကျေးရွာအတွင်းရှိ လမ်းသွယ်များအားမြေသားလမ်းအဆင့်မြှင့်ခြင်း	၃			✔		
၄	ရန်ကုန်-မန္တလေးလမ်းမကြီးနှင့်ဆက်သွယ်ထားသော ကျေးရွာချဉ်းကပ်လမ်းမကြီးအားကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း	၄				✔	
၅	စာသင်ကျောင်းဆောင်သစ်ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်း	၅					✔
၆	ကျေးရွာသချိုင်းတွင် မီးသင်္ကြိုလ်စက်ဆောက်လုပ်ခြင်း	၆					✔
၇	တောင်သူများအတွက်သီးနှံများအထွက်တိုးစေရန်ရေလွှဲမြောင်းများပြုပြင်ခြင်း၊ ထပ်မံတိုးချဲ့ခြင်းနှင့်သီးနှံမျိုးကောင်းမျိုးသန့်များ၊ဓာတ်မြေဩဇာများရရှိရန်ဆောင်ရွက်ခြင်း	၇	✔	✔	✔	✔	✔
၈	ရေကန်များပြန်လည်ပြုပြင်ခြင်း၊ခြံစည်းရိုးခက်ခြင်းနှင့် ရေသန့်စက်တပ်ဆင်ခြင်း	၈		✔			
၉	အားကစားကွင်းအဆင့်မြှင့်တင်ခြင်းနှင့် ခြံစည်းရိုးခက်ခြင်း	၉				✔	

ooo

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၃	၄
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၉	၁၁	၂၀
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၈	၄၀	၆၈
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၅၂	၆၆	၁၁၈
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၂၃	၄၆၆	၈၈၉
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၃	၃၃	၄၆
စုစုပေါင်း		၅၂၆	၆၁၉	၁၁၄၅
စုစုပေါင်း အိမ်ထောင်စု				၂၂၇

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ရွှေတန်အနောက်ကျေးရွာတွင် နို့စို့အရွယ် (၅)နှစ်အောက်ကလေးငယ်နှင့်သက်ကြီးရွယ်ကြီးအငယ်သာရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် အများဆုံးနေထိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ လယ်ယာစိုက်ပျိုးသော အိမ်ထောင်စု (၁၀၈)စု၊ ဝန်ထမ်း (၁)စု၊ မြေယာမဲ့ (၁၁၈)စု စုစုပေါင်း (၂၂၇) စုတွင် လူဦးရေ(၁၁၄၅)ဦးရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၈	၁၁၀	၃၂၅	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၈	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၈	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၁၁	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၃	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၁	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၄	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၁၈	၀	၄၁၄	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း	၂၂၇	၁၄၅	၄၁၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ရွှေတန်အနောက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် အိမ်ထောင်စု(၁၀၈) စုရှိ၍ လုပ်သားအင်အား(၁၁၀)ရှိပါသည် အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူ(၃၂၅)ဦးရှိပါသည် လက်သမား၊ပန်ရံ(၈)ဦး ဈေးရောင်း(၈)ဦး၊ ကယ်ရီဆွဲ(၁၁)ဦး၊ အုပ်ချုပ်ရေး ကာကွယ်ရေး (၃)ဦး၊ ပညာရေး(၁)၊ ကျန်းမာရေး(၄)ဦး စုစုပေါင်း (၁၄၅) ဦးရှိပါသည် ကျပန်းလုပ်သောအိမ်ထောင်စု (၁၁၈)စုရှိ၍ လုပ်သားအင်အား (၄၁၄)ဦး ကျပန်းလုပ်သောလူဦးရေမှာ စုစုပေါင်း (၇၃၉)ဦးရှိပါသည် ဝန်ထမ်းအိမ်ထောင်စု (၁)ရှိပါသည် သက်ကြီးရွယ်ကြီး(၄၆)ဦးနှင့် ကျောင်းတက်နေသော ကလေး(၂၁၅)ဦး စုစုပေါင်း ရွှေတန်အနောက်ကျေးရွာတွင် လူဦးရေ(၁၁၄၅)ဦးရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၃၀၀၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၀	၇၀၀၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၄၈၀၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။
မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)
(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကျားလုပ်အား၁ (၇၀၀၀) နှင့် မလုပ်အား၁ (၃၀၀၀) ပေးရပါသည်။ လက်သမား၊ပန်းရံအလုပ်တွင် အများဆုံး(၁၀၀၀၀)နှင့် အနည်းဆုံး (၇၀၀၀) ရရှိ၍ အခြားရွာများတွင် သွားရောက်လုပါကိုင်ကြပါသည်။ စက်ရုံလုပ်သားများမှာ နေ့စား၁(၄၈၀၀)ကျပ်ဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ
(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ
ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၈၁၁.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၁၀၀.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၉၁၁	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။
မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ရွှေတန်အနောက်ကျေးရွာရှိ မြေဆီလွှာများမှာ အသင့်အတင့်ရှိပါသည်။ မြေဆီလွှာအရည်အသွေးကောင်းမွန်စေရန် စိုက်ပျိုးရေးနည်းပညာများပေးစေလိုပါသည်

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ မရှိပါ၊ နွားစာမြက်အနည်းငယ်ရှိ၍ အလွယ်တကူအသုံးချနိုင်ပါသည်။
(၈) ဥစ္စာဓနအဆင့် အခြေအနေ
ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း

	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၈၇	၁၁	၁၁၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ရွှေတန်အနောက်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုအနည်းငယ်သာရှိပြီး၊ အလယ်အလက်ရှိသော အိမ်ထောင်စုကပိုများပါသည်။ မပြေလည်သောအိမ်ထောင်စုအနည်းငယ်ရှိပြီး မြေယာမဲ့အိမ်ထောင်စု (၁၁၉) စုရှိပါသည်။

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁	၂	၃
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၃၆
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၅
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၁၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - မိသားစုစောင့်ရှောက်မှုမရှိပဲ တဦးတည်းနေရသော အသက်(၆၄) နှစ်အထက် ကျား(၁)ဦး၊ မ(၁)ဦးရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑
		နိမ့် ☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☑
		နိမ့် ☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☑
		နိမ့် ☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၂	ဌက်ဖျားရောဂါ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑

စဉ်	**ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)**	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၈	ဆေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။
အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)
လေ့လာတွေ့ရှိချက်။ ရွှေတန်အနောက်ကျေးရွာတွင်စားနပ်ရိက္ခာဖူလုံမှုမှာအလယ် အလက်ရှိပါသည်၊ မိုးတွင်းအခါတခါတရံ ရေကြီးမှုကြောင့်လမ်းများပျက်စီးပြီးသွားလာရ အခက်အခဲရှိပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ
ဧယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		နိမ့် ☐ မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ရွှေတန်အနောက်ကျေးရွာတွင် လူငယ်အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုနှင့် မြေယာမဲ့ဆင်းရဲသားတောင်သူများသာရှိပါသည်။ ရွှေ့ပြောင်းလုပ်သားနှင့် ကားမောင်းပြီးအသက်မွေးသူတို့၏ ထိခိုက်လွယ်မှုမှာ အလယ်အလတ်ရှိပါသည်။

ကျန်သောသူများရွှေတန်အနောက်ကျေးရွာတွင်မရှိပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အဓိကအစီအမံ (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁ ☑ ၂ ☐ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ရပ်မိရပ်ဖ	၁ ☐ ၂ ☐ ၃ ☑	၀	၀	၀	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	ဂေါပက	၁ ☑ ၂ ☐ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ပရဟိတ	၁ ☑ ၂ ☐ ၃ ☐	၀	၀	၀	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခုံရြေးနှင့် ကာကွယ်ရေး ☐	
၅	မိဘဆရာအသင်း	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	ကျောင်းအကျိုးတော်ဆောင်	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	လမ်းကော်မတီ	၁ ☑ ၂ ☐ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ရွာတွင်းအဖွဲ့အစည်းအားလုံးသည်
ကျေးရွာ၏လုပ်ငန်းတာဝန်အားလုံးကိုတက်တက်ကြွကြွ ဆောင်ရွက်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	စိုက်ပျိုးရေးဘဏ်	၁ ☐ ၂ ☐ ၃ ☐ ၄ ☑ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	DRD	၁ ☐ ၂ ☐ ၃ ☐ ၄ ☑ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၃	သမဝါယမဘဏ်	၁ ☐ ၂ ☐ ၃ ☐ ၄ ☑ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	ပုဂ္ဂလိကဘဏ်	၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☑	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅	ထွေအုပ်	၁ ☐ ၂ ☐ ၃ ☐ ၄ ☑ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၆	မြို့နယ်ကျန်းမာရေးအဖွဲ့	၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☑ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ကျေးရွာပြင်ပအဖွဲ့အစည်းအားလုံးသည် ငွေကြေး၊ကျန်းမာရေး၊သာရေး၊ နာရေး၊ လူမှုရေးအားလုံးလိုအပ်သောနေရာတွင် တာဝန်ယူလုပ်ကိုင်ပေးကြပါသည်။ မြို့နယ် ကျန်းမာရေးအဖွဲ့သည် ရွာသူ/သားများ၏ ကျန်းမာရေး၊မျက်စိ စသည်တို့ကိုအခမဲ့ကုသ ပေးခဲ့ပါသည်။ DRD အဖွဲ့သည် ယခုကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေ ကြောင်းတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွဲ့ဖြိုးရေးအမြင ်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၁၉	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၃၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၅၇	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၂၂၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ရွှေတန်အနောက်ကျေးရွာတွင် မြေယာပိုင်ဆိုင်သောအိမ်ထောင်စု (၁၀၈) စုနှင့် မြေယာမဲ့အိမ်ထောင်စု (၁၁၉) စုရှိပါသည်။ ဝန်ထမ်းအိမ်ထောင်စု (၁)စု စုစုပေါင်း(၂၂၇)စုရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၅၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑ မဖြေဆိုပါ ☐	ရှိ ☑ မရှိ ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑ မဖြေဆိုပါ ☐	ရှိ ☑ မရှိ ☐ မဖြေဆိုပါ☐
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ဆည်မြောင်းမှလက်ခွဲမြောင်းတူးပြီးရာသီအလိုက်စိုက်ပျိုးရေလုံလောက်စွာရရှိပါသည်။ အဝီစိတွင်းများသည် အိမ်သုံးအတွက်သာ တနှစ်ပတ်လုံးသုံးနိုင်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ဧကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
မိုးစပါး	၈၁၁		၄၀	၈၀	၆၀	နယုန်လ	ဝါဆိုလ	မြင့် □ လတ် ☑ နိမ့် □	မြင့် □ လတ် ☑ နိမ့် □
ပဲတီစိမ်း	၂၅၀		၅	၁၅	၁၀	တန်ဆောင်မုန်းလ	နတ်တော်လ	မြင့် □ လတ် ☑ နိမ့် □	မြင့် □ လတ် ☑ နိမ့် □
မြေပဲ	၄၅		၅၀	၇၀	၆၀	တန်ဆောင်မုန်းလ	နတ်တော်လ	မြင့် □ လတ် □ နိမ့် ☑	မြင့် □ လတ် ☑ နိမ့် □
နွေစပါး	၅၁၆		၇၀	၉၀	၈၀	ဖြာသိုလ		မြင့် □ လတ် ☑ နိမ့် □	မြင့် □ လတ် ☑ နိမ့် □
								မြင့် □ လတ် □ နိမ့် □	မြင့် □ လတ် □ နိမ့် □
								မြင့်	မြင့် □ လတ်

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								☐ လတ် ☐ နိမ့် ☐	☐ နိမ့် ☐

ရင်းမြစ် ...ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ မိုးရာသီတွင် လယ်ဧက (၈၁၁) ဧကလုံး စပါးစိုက်ပါသည်။ နွေရာသီတွင် နွေစပါး၊ ပဲတီစိမ်း၊ မြေပဲ တို့ကိုမျှ၍ စိုက်ပျိုးပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၄	၀	၀	၁၀၄
လက်တွန်းထွန်စက်	၃၃	၀	၀	၀
အစေ့ချ ကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၂	၀	၀	၁၀၆
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၃	၀	၀	၀
ရေစုပ်စက်	၁၈	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၂	၀	၀	၀

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု။**

